# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၉၂)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၁-၃-၂၀၂၅၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

### တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်သွားမည်

ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကမ္ဘာပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ





## အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## လာနီညာအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များခန့်မှန်းချက်အရ မတ်လအတွင်း အားအနည်းငယ်ရှိသော လာနီညာ အခြေအနေမှ ပုံမှန်နှစ်တစ်နှစ်သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ အနောက်ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်းနှင့် မိုးရွာသွန်းမှုမမှန်ခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ မိုး/ဇလ

## ၂၈ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၆၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

၂၀၂၅ ခုနှစ်၊ မတ် ၁ ရက်၊ စနေနေ့။

မန္တလေးနေ့စဉ်

## ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကာ လူငယ်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ကျွမ်းကျင်သည့် ဘာသာရပ်များအလိုက် အသိပညာများ၊ အတတ်ပညာများ၊ မှတ်သားလေ့လာခဲ့သည့် ပညာဗဟုသုတနှင့် ရသစာပေများကို အချင်းချင်းမျှဝေပြီး ၂၁ ရာစု ဗလငါးတန်ဖြစ်သည့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုကို ထိန်းသိမ်းနိုင်သည့် အရည်အသွေး(PQ)၊ မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများကို နားလည်လက်ခံနိုင်သည့် အရည်အသွေး(CQ)၊ ဘဝရှင်သန်နေထိုင်ခြင်း၏ ရည်ရွယ်ချက်ကို သိရှိလိုက်နာနိုင်သည့် အရည်အသွေး(SQ)၊ စိတ်နှလုံးခံစားမှုအရည်အသွေး(EQ)၊ ဉာဏ်ရည်ဉာဏ်သွေး(IQ)များနှင့် ပြည့်စုံသည့် လူငယ်မောင်မယ်များ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် ရရှိလာသည့် အတွေ့အကြုံကောင်းများကို လေ့လာမှတ်သား၍ နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်ပြီး ဗလငါးတန်ပညာမာန်ဖြင့် အနာဂတ်ပဲ့ကိုင်ရှင်များ၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို ဖန်တီးပုံဖော်ရာတွင် ပါဝင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပခဲ့သည့် လူငယ်အလုပ်ရုံ ဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို Building a Resilient and Innovative Future ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ခြင်း၊ ပိုမိုကောင်းမွန်သော အနာဂတ်အတွက် သင်ယူမှုအသစ်များလေ့လာခြင်း၊ ပညာရေးမှတစ်ဆင့် လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဆန်းသစ်တီထွင်ခြင်း ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို လူငယ်များက ဦးဆောင်အဖြေရှာခြင်း၊ လူငယ်များ၏ အင်အားဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထဖန်တီးခြင်း၊ အောင်မြင်မှုအတွက် ကျွမ်းကျင်မှုများ၊ ရေရှည်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုဖြင့် စည်းလုံးညီညွတ်မှုတို့ကို စာနာနားလည်မှုစိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကာ လူငယ်အလုပ်ရုံ ဆွေးနွေးခဲ့သည်။

လူငယ်မောင်မယ်များအနေဖြင့် ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို သယ်ပိုးနိုင်ပြီး အရည်အချင်းပြည့်ဝသည့် လူငယ်များဖြစ်အောင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်သွားကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပန်းခင်းစီမံချက်-၃ ဖြင့် အမရပူရမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်



**အမရပူရ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကမ္ဘဲ့ကျေးရွာအုပ်စု ရှိရွာလယ်ဓမ္မာရုံအတွင်း၌ အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်း၏ ကြီးကြပ်မှုဖြင့် ဒုလဝကမှူး ဒေါ်ချို သန္တာလွင် ဦးဆောင်သောအဖွဲ့မှ ဖေဖော်ဝါရီ ၂၇ ရက်နေ့ နံနက်ပိုင်းက ကမ္ဘဲ့ကျေးရွာအုပ်စုရှိပြည်သူများအား ပန်းခင်းစီမံချက်-(၃)ဖြင့် မှတ်ပုံတင်များ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်-၃ ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်ပြည်သူ အမျိုးသား (၃၄)ဦး၊ အမျိုးသမီး(၂၆)ဦး၊ စုစုပေါင်း(၆၀)ဦး မှတ်ပုံတင်ပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။ **(ယာပုံ)**

**စိုးသီဟ(အမရ)**

## ပြည်သူများ စားသုံးဆီအခက်အခဲမရှိစေရေး အိမ်ထောင်စု(၁)စုအား စားအုန်းဆီ(၂)ပိဿာနှုန်း ရောင်းချပေး



**ကျောက်ဆည် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ပြည်သူများ စားသုံးဆီ အခက်အခဲ မရှိစေရေး ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အိမ်ထောင်စု(၁)စုအား စားအုန်းဆီ(၂)ပိဿာနှုန်း ရောင်းချပေးခဲ့သည်။

**(ဓါတ်ပုံ)**

စားအုန်းဆီများ ရောင်းချရာတွင် ဝယ်ယူသည့်ပြည်သူများ အဆင်ပြေစေရေး စားအုန်းဆီဝယ်နိုင်သည့် ဆီစာအုပ်များကို အိမ်ထောင်စုတိုင်းတွင် စနစ်တကျပြုလုပ်ပေးထားပြီး Resources Group Trading Co.,Ltd. ထံမှ ရည်ညွှန်းဈေး တစ်ပိဿာ ငွေ ၆၉၈၅ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီး တစ်ပိဿာငွေ ၈၁၂၅ ကျပ်ဖြင့် ကျောက်ဆည်မြို့နယ်တွင် နေလသုခ၊ ဗိုလ်တစ်ထောင်၊ အမေထွား စားသုံးဆီအရောင်းဆိုင်များမှ စားအုန်းဆီ ၂၄၄၄ ပိဿာကိုလည်းကောင်း၊ မြစ်သားမြို့နယ်တွင် ဒေါ်ဇာစားသုံးဆီအရောင်းဆိုင်မှ ဆီပိဿာချိန် ၂၈၈ ပိဿာကိုလည်းကောင်း၊ ပလိပ်မြို့နယ်ခွဲတွင် ငွေပင်လယ်စားသုံးဆီအရောင်းဆိုင်မှ စားအုန်းဆီ ပိဿာ ၃၃၀ ကိုလည်းကောင်း အသီးသီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူများအား ၂၀၂၄ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီးစီး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်ခရိုင်ဘဏ်ခွဲ၊ အမရပူရ၊ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ တံတားဦး၊ ကျောက်ပန်းတောင်းမြို့နယ် ဘဏ်ခွဲ စုစုပေါင်း(၈)ခုမှ တောင်သူဦးကြီးများကို ၂၀၂၄ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများအား (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ) ဘဏ်ခွဲအသီးသီးမှ ဆောင်းသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံအတွင်း စားရေရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ထုတ်လုပ်မှု၊ သွင်းအားစုများ အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၄ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများအား တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ် ထုတ်ချေးရာတွင် ခရိုင်၊ မြို့နယ်ဘဏ်ခွဲ(၈)ဘဏ်မှ ကျေးရွာအုပ်စု ၇၈ အုပ်စု၊ တောင်သူဦးရေ ၂၅၂၄ ဦး၊ စိုက်ပျိုးဧက စပါး(၄၆၇)ဧက၊ ကုလားပဲ(၈၇၆၄)ဧက၊ ပဲပုပ်(၄၆)ဧက၊ ပဲတီစိမ်း(၃၄၇)ဧက၊ ကြက်သွန်(၇၆)ဧက၊ ပဲယင်း(၅၄၃)ဧက၊ ဆီထွက်သီးနှံ နေကြာ(၉၁၂)ဧက စုစုပေါင်း စိုက်ပျိုးဧက(၁၁၁၅၅)ဧက အတွက် ငွေကျပ် ၁၁၃၈ ဒသမ ၈၅သန်း ထုတ်ချေး ဆောင်ရွက်ပေးခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဘဏ်ခွဲ ၃ ဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲ ၅ ဘဏ်ခွဲတို့မှ ၂၀၂၄ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ထုတ်ချေးငွေ ကျပ် ၁၂၃၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးရန် လျာထားချက်အရ ငွေကျပ် ၁၁၃၈ ဒသမ ၈၅ သန်း ထုတ်ချေးဆောင်ရွက်ပေး နိုင်ခဲ့သည့်အတွက် လျာထားချက်၏ ၉၂ ဒသမ ၃၉ရာခိုင်နှုန်း ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဘဏ်ခွဲ၊ တိုင်းဒေသကြီး မန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

**(ဝ၉၅)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။


အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပညာဓဇက ဆောင်ရွက်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမ အစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသုရိယက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ကေစတ္တာလီသတိမ (၄၁)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ တွင် ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးအတွက် ပြင်ဆင်ရန်လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းအဖွဲ့များအလိုက် စနစ်တကျကြိုတင်ပြင်ဆင်ကြရန် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဘိုဘိုအောင်က ရှင်းလင်းဆွေးနွေးခဲ့သည်။

စာမေးပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်တင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးရွှေအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးတင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ရန်နိုင်စိုးနှင့် ကူမဲလျှပ်စစ် တာဝန်ခံတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်ရင်း/တပ်ဖွဲ့ စာကြည့်တိုက်များသို့ လှူထုသိပ္ပံကျမ်း အတွဲ (၈၊ ၉) နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ်များပေးအပ်လှူဒါန်းပွဲနှင့် ရန်ကုန်တိုင်းဒေသကြီးစာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်း အတွဲ (၈၊ ၉) နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ်များ လှူဒါန်းပွဲ၊ ရန်ကုန်တိုင်းဒေသကြီး ပဋ္ဌမအကြိမ်စာအုပ်စာစောင်များလှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့စာကြည့်တိုက်များအတွက် လူထုသိပ္ပံကျမ်းအတွဲ(၈)၊ အတွဲ(၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ် ၁၅၀၀ အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ခေတ္တဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးသက်ပိုင်ဇော် လက်ခံရယူစဉ်။

## တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ပညာဘဏ်တိုက်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပြပွဲ၌ခင်းကျင်းပြသထားသည်များကို ကြည့်ရှုအားပေးကြစဉ်။

**စာကြည့်တိုက်"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဗီဒီယိုကလစ်ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသည့်အတိုင်း စာမဖတ်သူသည် ထိုင်နေသူနှင့်တူပြီး စာတတ်ပြီးစာမဖတ်သူသည် ရပ်နေသူ၊ စာတတ်ပြီး စာဖတ်သူက လမ်းလျှောက်နေသူဖြစ်ကြောင်း၊ မိမိမဖတ်ဖူးသေးသည့် စာအုပ်သည် အသစ်ပင်ဖြစ်ပါကြောင်း၊ စာအုပ်အဟောင်းများထဲမှ စာအုပ်ကောင်းများကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန် စီစဉ်လျက်ရှိပါကြောင်း၊ စာဖတ်ရန်၊ ဖတ်ပြီးမှတ်ရန်၊ မှတ်ပြီးတွေးရန်လိုအပ်ပါကြောင်း၊ အချို့လူငယ်များသည် စာမဖတ်သဖြင့် အသိပညာဗဟုသုတချို့တဲ့ကာ မသမာသူများ၏ ဖြားယောင်းသွေးဆောင်မှုကို ယုံကြည်၍ လမ်းမှားသို့ရောက်နေကြပါကြောင်း။ နိုင်ငံတော်အကြီးအကဲက မိမိနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ကျင်းပကာ စာပေဖတ်ရှုလေ့လာမှုများကို မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယနေ့အချိန်တွင် မသမာသူများက သတင်းတု၊ သတင်းမှားများကို ထုတ်လွှင့်ပြီး ပြည်သူများအား အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်နေမှုများအပေါ် မှန်ကန်စွာသိမြင်နိုင်ရေးအတွက် အသိပညာ ဗဟုသုတပြည့်ဝအောင် ဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၃၇ တိုက်အတွက် လူထုသိပ္ပံကျမ်း အတွဲ(၈)၊ အတွဲ(၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ် ၄၁၁ အုပ်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးသို့ လှူဒါန်းသည့် စလောင်းအစုံ ၅၀ နှင့် DTH စက် အလုံး ၁၀၀ တို့အား ပြည်ထောင်စုဝန်ကြီးကပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/ တပ်ဖွဲ့စာကြည့်တိုက်များအတွက် လူထုသိပ္ပံကျမ်း အတွဲ (၈)၊ အတွဲ(၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ် ၁၅၀၀ နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းအတွက် လူထုသိပ္ပံကျမ်းအတွဲ (၈)၊ အတွဲ(၉)စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်း ၂၅၈၉ အုပ်တို့အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ခေတ္တဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သက်ပိုင်ဇော်နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စလောင်းနှင့် DTH စက်များအား ကံစမ်းမဲဖောက်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယကတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီက ပေးအပ်သည့် ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များအတွက် ပဋ္ဌမအကြိမ် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်မှူးများက လက်ခံရယူပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာမ မစန္ဒာက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ဟောပြောဆွေးနွေးသည်။

ယင်းနောက် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ကမ်းမားမှာ ရေပက်ကစားကြမယ်"** ရှမ်းသီချင်းဖြင့်လည်းကောင်း၊ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"ပန်းရည်ဘဏ်တိုက်"** သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြပြီး စာရေးဆရာမ မစန္ဒာနှင့် အခမ်းအနားတွင် သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများပြပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ဆုများပေးအပ်ချီးမြှင့်

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူလေးများက **"ကောက်စိုက်ချိန်ခါကျေးလက်သဘာဝယိမ်း"** ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးထူးချွန်ဆု၊ မွေးမြူရေးထူးချွန်ဆုနှင့် မြစိမ်းရောင်အသားကဏ္ဍဖော်ဆောင်နိုင်မှု စံပြကျေးရွာအကောင်းဆုံး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

သတင်းစဉ်

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၇)အဆန်/(၈)အစုန်ရထားနှင့် မန္တလေး-နေပြည်တော်လမ်းပိုင်း၌ လေအိတ်ရထားတွဲဆိုင်းဖြင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် လူစီးရထားခရီးစဉ်များ စတင်တိုးချဲ့ချိတ်ဆက်ပြေးဆွဲ



နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ရထားပို့ဆောင်ရေး ကဏ္ဍမှ ထိရောက်စွာ အထောက်အကူပြုနိုင်စေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း အဆင့်(၁)အား ဂျပန်နိုင်ငံ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သကဲ့သို့ တောင်ငူမှ နေပြည်တော်-သာစည်- မန္တလေးလမ်းပိုင်းတွင်လည်း နိုင်ငံတော်မှ ခွင့်ပြုသည့် ဘဏ္ဍာငွေဖြင့် လမ်းပိုင်းပိုမိုကြံ့ခိုင်ကောင်းမွန်စေရေး၊ ခေတ်မီအချက်ပြစနစ်များ တပ်ဆင်အသုံးပြုရေးတို့ကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့ ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ် ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်း အားဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တစ်ခုလုံး၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်ကို သိသာစွာလျှော့ချနိုင်ပြီ ဖြစ်သောကြောင့် ရထားစီးခရီးသွား ပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော် လမ်းပိုင်း၌ ခေတ်မီလေအေးပေး စက်ပါ DEMU တွဲဆိုင်းသစ်ဖြင့် အမှတ်(၇)အဆန်၊ အမှတ်(၈) အစုန် အမြန်ရထားခရီးစဉ်သစ်ကို လည်းကောင်း၊ နေပြည်တော်- မန္တလေးလမ်းပိုင်း၌ ခေတ်မီ လေအိတ် လူစီးတွဲများဖြင့် အမှတ် (၂၇)အဆန်၊ အမှတ်(၂၈)အစုန် ရထားခရီးစဉ်သစ်ကိုလည်းကောင်း ယနေ့မှစ၍ တိုးချဲ့ပြေးဆွဲပေး နေပြီ ဖြစ်သည်။

အဆိုပါ ရထားခရီးစဉ်တိုးချဲ့ ပြေးဆွဲခြင်းအစီအစဉ်အရ ယနေ့ နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံတွင် အမှတ်(၇) အဆန် ရန်ကုန်-နေပြည်တော် ခေတ်မီ လေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင် ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် များ၊ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူ များ၊ ဧည့်သည်တော်များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြ သည်။ အခမ်းအနားတွင် တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယ ဝန်ကြီးတို့က အမှာစကား ပြောကြားခြင်း၊ မြန်မာ့မီးရထား ဦးဆောင် ညွှန် ကြားရေးမှူးက ရန်ကုန်မှ တောင်ငူအထိ ရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများ၊ နိုင်ငံတော် ၏ခွင့်ပြုဘဏ္ဍာငွေဖြင့် တောင်ငူ- နေပြည်တော်-သာစည်-မန္တလေး လမ်းပိုင်း၌ ဌာန၏ဆောင်ရွက်နေ သည့် လုပ်ငန်းအခြေအနေများ အား ရှင်းလင်းတင်ပြခြင်း၊ ၎င်း နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ က ရထားတွဲဆိုင်းသစ်အား ဖဲကြိုး ဖြတ် ဖွင့်လှစ်ခြင်းနှင့် အမွှေးနံ့သာ များ ပက်ဖျန်းပေးခြင်း၊ နေပြည်တော်သို့ လိုက်ပါကြမည့် ခရီးသည်များအား ရထားပေါ်၌ ရင်းနှီးစွာ လိုက်လံနှုတ်ဆက်၍ စားသောက်ဖွယ်ရာများ ပေးအပ် ခြင်းတို့ကို ဆောင်ရွက်ကြပြီး နောက် နံနက် ၆ နာရီတွင် ရထား စတင်ထွက်ခွာသည်။

အလားတူပင် ယနေ့နံနက်ပိုင်း တွင် မန္တလေးတိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် များ၊ မြန်မာ့ မီးရထားတာဝန်ရှိသူ များနှင့်အတူ မန္တလေးဘူတာကြီး၌ အမှတ်(၂၈)အစုန် လေအိတ် ရထားခရီးစဉ်သစ် အဖြစ် နေပြည်တော်သို့ စတင်ထွက်ခွာ မည့် ရထားတွဲဆိုင်းပေါ်သို့ တက်ရောက်၍ စီးနင်းလိုက်ပါ ကြမည့် ခရီးသည်များအား စားသောက်ဖွယ်ရာများ ပေးအပ် ကာ ခင်မင်ရင်းနှီးစွာ ပို့ဆောင် နှုတ်ဆက်ပြီးနောက် နံနက် ၆ နာရီ တွင် ရထားစတင်ထွက်ခွာသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ဘူတာ ကြီးတွင် အမှတ်(၂၈)အစုန် မန္တလေး-နေပြည်တော် လေအိတ် ရထားခရီးစဉ်သစ်ဖြင့် နံနက် ၁၁ နာရီတွင် ဆိုက်ရောက်လိုက်ပါ လာကြသည့် ခရီးသည်များအား လည်းကောင်း၊ အမှတ်(၇)အဆန် ရန်ကုန်-နေပြည်တော် ခေတ်မီ DEMU ရထားခရီးစဉ်သစ်ဖြင့် နံနက်၁၁ နာရီခွဲတွင် ဆိုက်ရောက် လိုက်ပါလာကြသည့် ခရီးသည် များအားလည်းကောင်း ခင်မင် ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ် ကြီးမြထွန်းဦးနှင့် နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး တို့သည် နေပြည်တော်ဘူတာမှ ရန်ကုန်သို့ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားခရီးစဉ်သစ် ဖြင့် လိုက်ပါမည့်ခရီးသည်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှမွန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မွန်းတည့် ၁၂ နာရီတွင် မန္တလေးသို့ ထွက်ခွာ မည့်အမှတ်(၂၇) အဆန်လေအိတ် ရထားခရီးစဉ်သစ်ဖြင့် လိုက်ပါ သွားကြမည့် ရထားစီးခရီးသည် များကိုလည်းကောင်း စားသောက် ဖွယ်ရာများ ပေးအပ်ပြီး ခင်မင် ရင်းနှီးစွာ ပို့ဆောင်နှုတ်ဆက်သည်။ နေပြည်တော်ဘူတာမှ ထွက်ခွာ ကြသည့် အမှတ်(၂၇) အဆန် လေအိတ်ရထားသည် မန္တလေးသို့ ၁၇ နာရီအချိန်နှင့် အမှတ်(၈) အစုန် ခေတ်မီ DEMU ရထားသည် ရန်ကုန်သို့ ၁၇:၃၀ နာရီအချိန်တွင် အသီးသီးရောက်ရှိကြသည်။

အဆိုပါ ခေတ်မီလေအေးပေး စက်ပါ DEMU ရထားများ နှင့် လေအိတ်ရထားများအား နေပြည်တော်ဘူတာတွင် ရထား ကူးပြောင်းလျက် ရန်ကုန်နှင့် မန္တလေးတို့သို့ ခရီးစဉ်အစအဆုံး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ယခင်က ရန်ကုန်မှ မန္တလေးအထိ ပြေးဆွဲချိန် စုစုပေါင်း ၁၉ နာရီခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါ လမ်းပိုင်းများ ပိုမိုကောင်းမွန်လာ ခြင်း၊ ခေတ်မီအချက်ပြစနစ်သို့ အဆင့်မြှင့်တင် အသုံးပြုလာနိုင် ခြင်း၊ ခေတ်မီစက်ခေါင်းနှင့် လူစီး တွဲဆိုင်းများ အသုံးပြုလာနိုင်ပြီ ဖြစ်ခြင်းတို့ကြောင့် ရထားအမြန် နှုန်း တိုးမြှင့်ပေးကာ ရန်ကုန် - နေပြည်တော်ခရီးစဉ်တွင် ၅ နာရီ မိနစ် ၃၀ နှင့် နေပြည်တော်- မန္တလေးခရီးစဉ်တွင် ၅ နာရီ၊ နေပြည်တော်၌ ရထားကူးပြောင်း ချိန် မိနစ် ၃၀၊ စုစုပေါင်း ၁၁ နာရီ ခန့်ဖြင့် ပြေးဆွဲချိန်ကို သိသာစွာ လျှော့ချလျက် ရထားစီးခရီးသည် များ ပိုမိုစိတ်ချမ်းမြေ့စွာခရီးသွား လာနိုင်ရေး ကြိုးပမ်းဆောင်ရွက် ပေးလျက်ရှိသည်။

ယနေ့ စတင်တိုးချဲ့ချိတ်ဆက် ပြေးဆွဲပေးသည့် အမှတ်(၇) အဆန် DEMU ရထားဖြင့် ရန်ကုန် မှ နေပြည်တော်သို့ အထက်တန်း ခရီးသည် ၅၆ ဦး၊ ပထမတန်းခရီး သည် ၂၄၅ ဦး၊ ရထားဝန်ထမ်း ၃၉ ဦး စုစုပေါင်း ၃၄၀၊ မန္တလေးမှ အမှတ်(၂၈) အစုန်လေအိတ်ရထား ဖြင့် အထက်တန်းခရီးသည် ၂၂ ဦး၊ ရိုးရိုးတန်းခရီးသည် ၂၂၀၊ ရထားဝန်ထမ်း ၂၀ အပါအဝင် စုစုပေါင်း ၂၆၂ ဦး၊ နေပြည်တော်မှ ရန်ကုန်သို့ အမှတ်(၈) အစုန် DEMU ရထားဖြင့် အထက်တန်း ခရီးသည် ၆၁ ဦး၊ ပထမတန်း ခရီးသည် ၂၄၅ ဦး စုစုပေါင်း ၃၀၆ ဦး၊ နေပြည်တော်မှ မန္တလေးသို့ အမှတ်(၂၇) အဆန်လေအိတ် ရထားဖြင့် အထက်တန်းခရီးသည် ၄၁ ဦး၊ ရိုးရိုးတန်းခရီးသည် ၃၀၀ စုစုပေါင်း ၃၄၁ ဦး လိုက်ပါ စီးနင်းကြသည်။ ရထားခရီးစဉ် များ၌ လိုက်ပါလာကြသော ဌာန ဆိုင်ရာ ရုံးဝန်ထမ်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ သာမန်ခရီးသွား ပြည်သူများအနေဖြင့်လည်း ပိုမို အဆင်ပြေစိတ်ချမ်းသာစွာ စီးနင်း နိုင်ခြင်း၊ ခရီးသွားကြာမြင့်ချိန်များ လျှော့ကျ သက်သာလာခြင်း စသည့် အကျိုးရလဒ်များကို လက်တွေ့သိမြင်ခံစားလာရခြင်း ကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံ ဆောင်ရွက်မှု၊ မြန်မာ့မီးရထား ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ် နေမှုတို့အပေါ် ကျေးဇူးတင်ဂုဏ်ယူ ဝမ်းမြောက်လျက် ရှိကြကြောင်း သိရသည်။

မြန်မာ့မီးရထားသည် ရန်ကုန်- မန္တလေးလမ်းပိုင်းတွင် ယခုတိုးချဲ့ ပြေးဆွဲပေးသည့် ရထားခရီးစဉ် များအပြင် မူလပြေးဆွဲပေးနေ သည့် အမှတ်(၁၁)အဆန်၊ (၁၂) အစုန် အမြန်လူစီးရထားခရီးစဉ် များကိုလည်း ပြေးဆွဲချိန် ၁၃ နာရီ ၁၅ မိနစ် အချိန်စာရင်းအသစ်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး မကြာမီ တွင် ပြေးဆွဲချိန်ထပ်မံလျှော့ချ နိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ အထက်ပါ ရထားခရီးစဉ်များ အတွက် ရထားထွက်ခွာ/ ဆိုက်ရောက် အချိန်စာရင်းများ၊ ထိုင်ခုံအတန်း အစားအလိုက် လက်မှတ်ခများအား နိုင်ငံပိုင် သတင်းစာများနှင့် သက်ဆိုင်ရာ ဘူတာအသီးသီးတို့တွင် ကြိုတင် ကြေညာထားပြီး ဖြစ်ကြောင်း၊ ရထားလက်မှတ်များကို သက်ဆိုင် ရာဘူတာများ၌ နေ့ချင်း လာရောက် ဝယ်ယူနိုင်သကဲ့သို့ ခရီးသွားရက်မတိုင်မီ ရန်ကုန်မြို့၌ ရန်ကုန်ဘူတာကြီး၊ အင်းစိန် ဘူတာနှင့် တိုးကြောင်ကလေး ဘူတာတို့တွင် လည်းကောင်း၊ နေပြည်တော်၌ နေပြည်တော် ဘူတာကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ရုံး ရုံးအမှတ် (၅)၊ ပျဉ်းမနား ဘူတာနှင့် သပြေကုန်းဈေးတို့တွင် လည်းကောင်း၊ မန္တလေးမြို့၌ မန္တလေးဘူတာကြီး၊ မြို့ဟောင်း ဘူတာတို့တွင် လည်းကောင်း၊ ထို့အပြင် အွန်လိုင်းစနစ်ဖြင့် ရက်ကြိုလက်မှတ်များ၊ အသွား အပြန်ခရီးအတွက် လက်မှတ်များ အား တစ်ပါတည်းဝယ်ယူနိုင်ရေး တို့အတွက်ကိုလည်းကောင်း စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲများ ကျင်းပ







နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီးတွင် ကျင်းပကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏စကားသံများကို ယခုကဲ့သို့ ကြားသိရသည်-

ကျွန်တော်ရရှိခဲ့တဲ့ဆုအမျိုးအစားကတော့ စစ်သည်တော်ကျင့်ဝတ်ဆုပဲ ဖြစ်ပါတယ်။ အိမ်မှာလည်း အိမ်ကျင့်ဝတ်ရှိသလို တပ်မတော်တွေမှာလည်း စစ်သည်တော်ကျင့်ဝတ်ဆိုတာ ရှိတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ စစ်သည်တော်ကျင့်ဝတ်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့အတွက် အကောင်းဆုံးကြိုးစားပြီး ဝင်ဖြေခဲ့ပါတယ်။ ကျင့်ဝတ် ၆၀ ထဲမှ ငါးချက်ကို အလွန်သဘောကျပါတယ်။ အဲဒါတွေကတော့ ၁။ ပြည်သူလူထုအပေါ် သစ္စာစောင့်သိရိုသေပါ။ ၂။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါ။ ၃။ ပြည်သူလူထုအပေါ် ယဉ်ကျေးစွာဆက်ဆံပါ။ ရေလိုလလိုကျင့်ပါ။ ၄။ ပြည်သူလူထု၏ အကျိုးစီးပွားကိုအစဉ်ဦးထိပ်ထားပါ။ ၅။ ပြည်သူလူထုအား လှောင်ပြောင်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ စော်ကားမော်ကားပြုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကိုရှောင်ပါ အဲဒီအချက်တွေက ကျွန်တော်အကြိုက်ဆုံး အချက်တွေဖြစ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်ကို အကောင်းဆုံး ကာကွယ်စောင့်ရှောက်သွားမယ်လို့ ခံယူထားပါတယ်။ ရောက်ရှိတဲ့နေရာမှာလည်း အကောင်းဆုံးကြိုးစားပြီး ထမ်းဆောင်သွားမှာပါ။

ကိုယ်နေတဲ့နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက တာဝန်ထမ်းဆောင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူပါတယ်။

အပြင်မှာနေတုန်းက ပြည်သူလူထုအပေါ် ကာကွယ်ရမယ်ဆိုတာ မသိတော့တပ်မတော်အဖွဲ့အစည်းတစ်ခုအနေနဲ့ ဒီမှာရောက်တော့ ကိုယ့်နိုင်ငံသားတွေကို ကာကွယ်ရမယ်ဆိုတဲ့ခံစားချက်တွေ ဖြစ်မိပါတယ်။ နည်းပြတွေ သင်ပြပေးတဲ့ သင်ခန်းစာတွေအပေါ်မှာ ရဲစွမ်းသတ္တိတွေဖြစ်လာပါတယ်။ နည်းပြတွေ သင်ပြပေးတဲ့သင်ခန်းစာတွေတိုင်းကို စိတ်ဝင်တစားလိုက်လုပ်ပါတယ်။ အဓိက ကတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှသာ ပြည်သူလူထုကိုကာကွယ်နိုင်မှာဖြစ်ပါတယ်။ သင်ခန်းစာတိုင်းကို စိတ်ဝင်တစားလိုက်လုပ်ပါတယ်။ ဒီသင်ခန်းစာ စစ်နည်းဗျူဟာတွေနဲ့ တပ်ရင်း/ တပ်ဖွဲ့ရောက်တဲ့အခါကျရင် ကျွန်တော့်အတွက်ရလာမယ့် ပညာတွေနဲ့ ပေါင်းစပ်ပြီး ပြည်သူလူထုကို အသက်နဲ့လဲပြီး ကာကွယ်သွားမှာပါ။ ဒီနိုင်ငံမှာနေတဲ့အတွက် ဒီနိုင်ငံအတွက် အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ ကိုယ်ကနေအလိုက်သိသိနဲ့ ဝင်ချင်တာပဲဖြစ်ဖြစ်၊ တစ်နှစ်ပဲဖြစ်ဖြစ်၊ နှစ်နှစ်ပဲဖြစ်ဖြစ်၊ ငါးနှစ်ပဲဖြစ်ဖြစ် ကိုယ်ကဒီနိုင်ငံမှာ နေတယ်ဆိုတော့ ဒီနိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ တာဝန်ထမ်းဆောင်ခဲ့ဖို့လိုပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းပွဲများ ကျင်းပမှု မြင်ကွင်း












## မြောက်ကိုရီးယားသို့ ခရီးသွားများလာရောက်နိုင်သော်လည်း ပြုံယမ်းမြို့တော်ကိုမူ ဆက်လက်ပိတ်ထားဆဲဖြစ်သည်ဟု ဆို



**ပြုံယမ်း ဖေဖော်ဝါရီ ၂၈**

မြောက်ကိုရီးယားသည် ငါးနှစ်ကြာပြီးနောက် ခရီးသွားများအတွက် ပြည်ဝင်ခွင့်ကို ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ပြုံယမ်းမြို့တော်ကိုမူ ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘောဂျင်းအခြေစိုက် ခရီးသွားလုပ်ငန်းရှင်များသည် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ရဆွန်အထူးစီးပွားရေးဇုန်သို့ အုပ်စုလိုက်ခရီးသွားများကို ဦးဆောင်သွားရာတွင် ပထမဆုံးဖြစ်သည်။

ယခုအကြိမ်တွင် ခရီးစဉ်သည် ပိုမိုတင်းကျပ်ပြီး ဖွဲ့စည်းတည်ဆောက်ထားမှုများရှိသော်လည်း ခရီးသွားခွဲဆောင်မှုအသစ်များကို ထည့်သွင်းထားသည်ဟု ၂၀၀၈ ခုနှစ်ကတည်းက မြောက်ကိုရီးယားသို့ ခရီးသွားများကိုပို့ပေးခဲ့သော တရုတ်နိုင်ငံ ပေကျင်းအခြေစိုက် ယန်းပိုင်အိုးနီးယား ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ရုရှားခရီးသွားများသည် မော်စကိုနှင့် ပြုံယမ်းအကြား ဆက်ဆံရေးနွေးထွေးလာမှုကြားတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီမှစ၍ မြောက်ကိုရီးယားသို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။

၎င်းတို့သည် လက်ရှိတွင် ပြုံယမ်းမြို့သို့ဝင်ရောက်နိုင်သည့် တစ်ခုတည်းသော နိုင်ငံခြားသားများဖြစ်ပြီး ပြုံယမ်းမြို့တော်ကို အခြားနိုင်ငံခြားဧည့်သည်များအားလုံးအတွက် ပိတ်ထားဆဲဖြစ်ကြောင်း သိရသည်။ **Mon**






အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားကို ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော် အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံစဉ်။ **Mon**

## လွှတ်ပေးရန်ကျန်ရှိနေသော ပါလက်စတိုင်းအကျဉ်းသားများကို နောက်ဆုံးအသုတ်အဖြစ် အစ္စရေးဘက်က လွှတ်ပေးလိုက်ပြီ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၈**

ဟားမတ်စ်အဖွဲ့နှင့်ပြုလုပ်ထားသော အဆင့်ဆင့်ပစ်ခတ်ရပ်စဲရေးသဘောတူညီချက်၏ ပထမအဆင့်တွင် လွှတ်ပေးရန်ကျန်ရှိနေသော ပါလက်စတိုင်းအကျဉ်းသားများကို နောက်ဆုံးအသုတ်အဖြစ် အစ္စရေးဘက်က လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုသို့လွှတ်ပေးချိန်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက အစိုးရ၏ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်သို့ စေလွှတ်လိုက်သည်။

အကျဉ်းသား ၆၄၁ ဦးကို လွှတ်ပေးခဲ့ခြင်းဖြစ်ရာ ၎င်းတို့အနက် ၄၅၀ ကျော်မှာ ဖုံးကြိတိုက်ခိုက်ခံခဲ့ရသော ဂါဇာကမ်းမြောင်သို့ ပြန်ရောက်ရှိလာခဲ့သည်။

ပြီးခဲ့သည့်လက စတင်အသက်ဝင်ခဲ့သော အပစ်အခတ်ရပ်စဲရေး၏ ပထမအဆင့်တွင် အစ္စရေးဘက်မှ အကျဉ်းသားနှင့် ဓားစာခံ ၂၀၀၀ ကျော်ကို လွှတ်ပေးခဲ့ပြီး အပြန်အလှန်အားဖြင့် ဂါဇာတွင်ရှိနေခဲ့သော အသက်ရှင်လျက်ရှိသည့် အကျဉ်းသား ၂၅ ဦးနှင့် ကွယ်လွန်သွားသူ ၈ ဦး၏ အလောင်းများကို အစ္စရေးဘက်က ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0





## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေဆဲဖြစ်သော်လည်း အနည်းငယ်တိုးတက်လာ

**ရောမ ဖေဖော်ဝါရီ ၂၈**

သက်တော် ၈၈ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဆေးရုံတွင် အေးချမ်းသောညတစ်ညကို ဖြတ်သန်းခဲ့သည်ဟု ဗာတီကန်သာသနာက ဖေဖော်ဝါရီ ၂၈ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၄ ရက်က အသက်ရှူရခက်ခဲမှုကြောင့် ဆေးရုံသို့တက်ရောက်ခဲ့ရသော ပုပ်ရဟန်းမင်းကြီး၏အခြေအနေသည် အဆုတ်နှစ်ဖက်စလုံး ချွတ်ယွင်းနေသဖြင့် စိုးရိမ်ပူပန်စရာဖြစ်ခဲ့သည်။

ယခင်ရက်များကဲ့သို့ပင် ညအချိန်သည် အေးချမ်းစွာကုန်ဆုံးခဲ့ပြီး ပုပ်ရဟန်းမင်းကြီးသည် ယခုအခါ ကောင်းစွာအနားယူနေသည်ဟု ဗာတီကန်၏ နံနက်ခင်းထုတ်ပြန်ချက်တွင် ဖော်ပြကြောင်း သိရသည်။ **Mon**

## မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းအဖွဲ့ဝင် ၂၉ ဦးကို မက္ကဆီကိုမှ အမေရိကန်သို့ လွှဲပြောင်းပေး



**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၈**

မက္ကဆီကိုအစိုးရက မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းအဖွဲ့ဝင် ၂၉ ဦးကို အမေရိကန်ပြည်ထောင်စုသို့ ယမန်နေ့က လွှဲပြောင်းပေးခဲ့ရာ ထိုသူများတွင် ထင်ရှားသောဂိုဏ်းခေါင်းဆောင်များပါဝင်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့လွှဲပြောင်းပေးခံရသူများထဲတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀ က အမေရိကန်စုံထောက်တစ်ဦးကို လုပ်ကြံသတ်ဖြတ်မှုအတွက် အမေရိကန်က လိုက်လံရှာဖွေနေခဲ့သည့် ကြောက်မက်ဖွယ်ကောင်းသော မူးယစ်ဆေးဝါး ရာဇာ ရာဖေးလ်ကာရိုကွင်တာရိုလည်း ပါဝင်သည်။

မက္ကဆီကိုသမိုင်းတွင် အကြီးမားဆုံး တရားခံလွှဲပြောင်းပေးမှုများထဲမှ တစ်ခုအဖြစ် သတ်မှတ်ခံရသည့် ယင်းလုပ်ရပ်သည် အမေရိကန်နှင့် မက္ကဆီကိုနှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာဆက်ဆံရေးတွင် အဓိကအဆင့်တစ်ခုဖြစ်သည်ဟု မြင်တွေ့ရသည်။

ထိုဖြစ်ရပ်သည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က မက္ကဆီကိုမှတင်သွင်းသည့် ကုန်ပစ္စည်းများကို အကောက်ခွန်စည်းကြပ်ရန် ခြိမ်းခြောက်ခဲ့ပြီးနောက် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

မက္ကဆီကိုအစိုးရအနေဖြင့် မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် လူအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က စွပ်စွဲခဲ့ကြောင်း သိရသည်။ **Mon**

## သွေးယိုစီးသော အဖျားရောဂါဆန်းတစ်မျိုးကြောင့် ကွန်ဂိုနိုင်ငံအနောက်ပိုင်း၌ အနည်းဆုံး လူ ၅၃ ဦး သေဆုံး

**ကင်ရှာဆာ ဖေဖော်ဝါရီ ၂၈**

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အနောက်ပိုင်းဒေသများတွင် ထူးဆန်းသော ဗိုင်းရပ်စ်ရောဂါပေါ်ပေါက်လာခဲ့ပြီး အနည်းဆုံး လူ ၅၃ ဦးသေဆုံးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ဆရာဝန်များသည် သွေးယိုစီးသောအဖျားရောဂါလက္ခဏာများနှင့် သေဆုံးခြင်းကြား အချိန်ကာလတိုတောင်းသဖြင့် အထူးစိုးရိမ်နေကြသည်။

ထိုအချိန်ကာလသည် ၄၈ နာရီခန့်သာ ကြာမြင့်ပြီး ထိုရောဂါဆန်းကူးစက်မှု ဆက်လက်ဖြစ်ပွားနေပါက သေဆုံးသူအရေအတွက် များပြားလာနိုင်သည်ဟု ခန့်မှန်းထားသည်။

မကြာသေးမီက အရှေ့အာဖရိကဒေသတွင် ဖြစ်ပွားခဲ့သော မာဘတ်နှင့် မျောက်ကျောက်ရောဂါများအပါအဝင် ဗိုင်းရပ်စ်ရောဂါများဖြစ်ပွားမှုများ နောက်ပိုင်း နောက်ဆုံးပေါ်ဗိုင်းရပ်စ်ရောဂါ ဖြစ်သည်။

ကွန်ဂိုနိုင်ငံသည် အပူပိုင်းရာသီဥတုနှင့် ရောဂါပိုးမွှားများပေါက်ပွားလွယ်သော သစ်တောထူထပ်မှုတို့ကြောင့် ရောဂါဖြစ်ပွားမှုများကို လွယ်ကူစွာခံစားရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



# STOP AIDS

## ဆူဒန်နိုင်ငံရှိ လူပေါင်း ၆၀၀၀၀၀ ကျော် ငတ်မွတ်ခေါင်းပါးမှုအစွန်းသို့ ရောက်ရှိနေပြီ

**ခါတူးမ် ဖေဖော်ဝါရီ ၂၈**

ဆူဒန်နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခဘေးဒဏ်ကြောင့် လူပေါင်း ၆၀၀၀၀၀ ကျော် ငတ်မွတ်ခေါင်းပါးမှုအစွန်းသို့ ရောက်ရှိနေပြီဟု ကုလသမဂ္ဂက သတိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဆူဒန်နိုင်ငံတစ်ဝှမ်းရှိ ဒါဖောအရှေ့ပိုင်းအပါအဝင် ဒေသငါးခုတွင် ငတ်မွတ်ခေါင်းပါးမှုဖြစ်ပွားနေပြီဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အကြီးအကဲက အသိပေးသည်။

လာမည့် သုံးလအတွင်း နောက်ထပ် ဒေသငါးခုတွင် ငတ်မွတ်ခေါင်းပါးမှု ဖြစ်ပွားနိုင်ပြီး နောက်ထပ် ၁၇ ဒေသကို အလားတူအန္တရာယ်ကျရောက်နိုင်သည်ဟု သတ်မှတ်ထားကြောင်း သိရသည်။ **Mon**





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူနှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေတို့တွင် တရားမဝင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀၀ ကို ထပ်မံ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာနိုင်ငံ များသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၁၂၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၆၈ ဦးကိုသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၃၁၂၅ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာအနီး ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်နှင့် အကြမ်းဖက်သမား အလောင်းအချို့ သိမ်းဆည်းရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ညနေပိုင်းတွင် သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား အလောင်းအချို့၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အဆိုပါကျေးရွာ၏ အရှေ့ဘက်မီတာ ၅၀၀ ခန့်အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ အလောင်း သုံးလောင်း၊ GLOCK ပစ္စတို တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။





ပင်းမြို့ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် အလောင်းအချို့၊ လက်နက်နှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

အကြမ်းဖက်သမားများအနေဖြင့် လက်နက်ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင်မထင်သလိုသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အချိန်မီ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၇ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ချောင်းခွကျေးရွာနေသူများဖြစ်ကြသည့် "Zayar Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇေယျာထွန်း(ခ)လုံးလုံး၊ "Aung San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ကျော်ဆန်းနှင့် "Nyein Nyein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇင်မာငြိမ်း(ခ)မာမာတို့ သုံးဦးအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Sai Thant Zin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားဖြူရပ်ကွက်နေ စိုင်းသန့်ဇင်အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြင်းခြံမြို့နယ်၌ အပြစ်မဲ့ပြည်သူ တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ငါ့နန်းကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးကို ဖေဖော်ဝါရီ ၂၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ငါ့နန်းကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ မြင်းခြံမြို့နယ်အတွင်း ၎င်းတို့ကိုထောက်ခံအားပေးခြင်းမရှိသည့် မြို့ရွာများကို




လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးလျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များအသုံးပြု၍ ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်နှင့် လေအိတ်ရထား မန္တလေး-နေပြည်တော်-မန္တလေး ခရီးစဉ်များ ချိတ်ဆက်ပြေးဆွဲသည့် အစီအစဉ် စတင်ခြင်းအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းအသစ်များ အသုံးပြု၍ ပြေးဆွဲသည့် အမှတ်(၇) အဆန်၊ အမှတ်(၈)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်နှင့် အမှတ်(၂၇) အဆန်၊ အမှတ်(၂၈)အစုန် လေအိတ်ရထား မန္တလေး-နေပြည်တော်- မန္တလေး ခရီးစဉ်တို့အား ချိတ်ဆက်ပြေးဆွဲသည့်အစီအစဉ် စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့မီးရထားဧည့်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း၊ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည်ရထားဖြင့် လိုက်ပါစီးနင်းကြသည့် ခရီးသွားပြည်သူများအား ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်ပြီး လန်းဆန်းစာများကို ပေးအပ်ခဲ့သည်။

ယခု ချိတ်ဆက်ပြေးဆွဲမှုအနေဖြင့် အမှတ်(၂၇)အဆန်၊ အမှတ်(၂၈)အစုန် လေအိတ်ရထား မန္တလေး-နေပြည်တော်-မန္တလေး လမ်းပိုင်း၌ ရိုးရိုးတန်း လေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်းတွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၃၀ဦး၊ အဆင့်မြှင့်တင်ပြီး ရန်ကုန်-နေပြည်တော် လမ်းပိုင်းတွင် DEMU ရထားတွဲဆိုင်းအသစ်များဖြင့် အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်း၌ ပထမတန်းလေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်းတွဲဆိုင်းခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦးတို့ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး မန္တလေး-နေပြည်တော်-မန္တလေး လမ်းပိုင်းတွင် မန္တလေးဘူတာကြီးမှ နံနက် ၆ နာရီမှ စတင်ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ ၁၁ နာရီတွင် လည်းကောင်း၊ ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်း၌ နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၅ နာရီခွဲတွင် လည်းကောင်း ဆိုက်ရောက်မည်ဖြစ်ပြီး ရန်ကုန်-မန္တလေး ခရီးစဉ်တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ်အစအဆုံး ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ပြေးဆွဲချိန် ၁၁ နာရီသာ ကြာမြင့်မည်ဖြစ်ကြောင်း၊ ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် ခေတ်မီ DEMU ရထားပြေးဆွဲချိန်သည် ၅ နာရီခွဲ ကြာမြင့်မည်ဖြစ်ကြောင်း၊ လက်မှတ်ခနှုန်းထားအနေဖြင့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် အမှတ်(၇) အဆန်၊ အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားတွင် ပထမတန်းအတွက် ငွေကျပ် ၁၉၀၀၀၊ အထက်တန်းအတွက် ငွေကျပ် ၂၈၀၀၀ နှင့် မန္တလေး -နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် အမှတ်(၂၇)အဆန်၊ အမှတ်(၂၈)အစုန် လေအိတ်ရထားတွင် ရိုးရိုးတန်းအတွက် ငွေကျပ် ၇၀၀၀၊ အထက်တန်းအတွက် ငွေကျပ် ၁၁၀၀၀ ဖြစ်ကြောင်း၊ ခရီးသည်များအနေဖြင့် ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း၊ ရိုးရိုးတန်းအတွက် ငွေကျပ် ၂၆၀၀၀ ၊ အထက်တန်းအတွက် ငွေကျပ် ၃၉၀၀၀ဖြစ်ကာ လက်မှတ်များကို သုံးရက်ကြိုတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)













# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း (Myanmar Arts & Culture Association)ရုံး(ခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း (Myanmar Arts & Culture Association)ရုံး(ခွဲ)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ အဆိုပါအသင်းရုံး(ခွဲ)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တောင်ပိုင်း ပိုးလမ်းမနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှုအသင်းရန်ကုန်(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း(Myanmar Arts & Culture Association)ရုံးခွဲဖွင့်လှစ်ခြင်းဖြင့် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုကို ကမ္ဘာသို့ သိရှိအောင် ဖော်ထုတ်ပြသရာတွင် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ အနုပညာနှင့် ယဉ်ကျေးမှုများကို ပိုမိုတိုးတက် အောင်မြင်အောင် ပိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

၎င်းနောက် တောင်ပိုင်း ပိုးလမ်းမနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး ဥက္ကဋ္ဌ Mr. Chen En Tian က အသင်းကြီး၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁)ဒေါ်တင်တင်လှိုင်က ဆုတောင်း စကားကိုလည်းကောင်း အသီးသီး ပြောကြားခဲ့ပြီးနောက် အသင်း၏ ဖွဲ့စည်းပုံအား ရှင်းလင်းတင်ပြပြီး အသင်းဝင်များနှင့် လုပ်ငန်းတာဝန်များကို မိတ်ဆက်






အကြောင်းအရာများနှင့် ပတ်သက်၍ မိတ်ဆက်စကားကိုလည်းကောင်း၊ မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူက နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂)ဒေါ်မြသွေးရည်က အသင်း

ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်း (Myanmar Arts & Culture Association)ရုံး(ခွဲ) ဖွင့်ပွဲကို ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ယဉ်ကျေးမှုအကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေခြင်းကိုကြည့်ရှုအားပေးပြီး၊ အသင်းရုံးခွဲ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတွက် အလှူငွေများနှင့် ကပြဖျော်ဖြေခဲ့ကြသည့် အဖွဲ့များအား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






## ကျေးလက်လမ်း၊ တံတားပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ ကွင်းဆင်းစစ်ဆေး

**အမရပူရ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အတွင်းရှိ စားတော်-လိပ်ဆံခွန်-ဘနော-ဖရဲကျွန်းလမ်းမှာ ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့် မြေကာနံရံအပိုင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (အထွေထွေပိုလျှံ)ရန်ပုံငွေကျပ်သန်း ၄၄ ဒသမ ၆၀၁ ဖြင့် ဌာနမှ Box Culvert တစ်စင်းနှင့် ကျောက်ရိုးစီမြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယမန်နေ့ နံနက်ပိုင်းကကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ်( မြို့ပြ )ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ အမရပူရခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလွင်နှင့် မြို့နယ်တာဝန်ခံ ဒေါ်နန်းခိုင်သဥ္ဇာ(ဦးစီးအရာရှိ (မြို့ပြ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးမှာကြားခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**စိုးသီဟ(အမရ)**

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြေပြင်စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက် ၁၀ နာရီက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြေပြင်စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေး Talk show ဆောင်ရွက်ခြင်းကို လူထုအခြေပြု ဗဟိုဌာန Community Centre ပံ့သုကျီခန်းမ၌ ပြုလုပ်သည်။

Talk Show ဆောင်ရွက်ရာတွင် ပြည်သူများ သိရှိနိုင်ရန် Online မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ Online shop နှင့် ပတ်သက်၍ မြေပြင်စစ်ဆေးခြင်း အကြောင်းအရာများ၊ Online စနစ်ဖြင့် မှတ်ပုံတင်ရောင်းချသည့် ကုန်စည်နှင့် ဝန်ဆောင်မှု သတ်မှတ်ချက်များအကြောင်း၊ စသည်တို့အား ဆွေးနွေးပြောကြားခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ Talk Show တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်း စိတ်ချရမှုဌာနခွဲမှ ဦးစီးမှူး ဒေါ်မြတ်မြတ်ထွေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာအေးတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ကမ္ဘာကသိစေမည်



**သနပ်ခါးကို အလှအပရေးရာနှင့် မြန်မာ့ရိုးရာတိုင်းရင်းဆေးများတွင် အသုံးပြုကြသည်။ တွင်တွင်ကျယ်ကျယ် အသုံးပြုသည်မှာ အလှအပရေးရာအတွက် မြန်မာအမျိုးသမီးတို့၏ လက်စွဲတော်ဟုဆိုနိုင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကရှိခဲ့သော မြန်မာတို့၏သနပ်ခါးသုံးစွဲသည့် ယဉ်ကျေးမှုနှင့် ဓလေ့တစ်ခုဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုနှင့် ဒြပ်ရှိယဉ်ကျေးမှုဟူ၍ ၂ မျိုးရှိရာ၌ သနပ်ခါးယဉ်ကျေးမှုဓလေ့သည် ဒြပ်မဲ့ယဉ်ကျေးမှုတွင် ပါဝင်သည်။**

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ကို စုစည်းကြည့်လျှင် ဒြပ်မဲ့ယဉ်ကျေးမှုနှင့် ဒြပ်ရှိယဉ်ကျေးမှုတို့အနက် ဒြပ်မဲ့ယဉ်ကျေးမှုများမှ ယဉ်ကျေးမှု၊ ဓလေ့၊ ရိုးရာတို့သည် တစ်ရွာတစ်ပုဒ်ဆန်းရှိကြသကဲ့သို့ တစ်စုတစ်ပေါင်းတည်း တူညီသည်လည်းရှိသည်။ အနည်းငယ် ကွဲပြားသည်လည်းရှိသည်။ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သည့် မြန်မာတို့၏နှစ်သစ်ကူးသည့် အတာသင်္ကြန်ရေသဘင်ပွဲတော်သည် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ယနေ့တိုင် နှစ်စဉ်မပျက် ကျင်းပလျက်ရှိပါသည်။**



### ယဉ်ကျေးမှု (၂)မျိုး

ယဉ်ကျေးမှုအမွေအနှစ်များတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု (Tangible and Intangible Culture Heritage) ဟူ၍ (၂) မျိုးရှိသည်။ လက်ဆုပ်လက်ကိုင် ထိတွေ့ပြနိုင်ပါက ဒြပ်ရှိယဉ်ကျေးမှု(Tangible Culture Heritage) ဟူ၍လည်းကောင်း၊ လက်ဆုပ်လက်ကိုင် ထိတွေ့မရနိုင်ဘဲ အစဉ်အဆက်ထိန်းသိမ်းခဲ့ကြသည့် ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှု (Intangible Culture Heritage) ဟု သတ်မှတ်ထားသည်။

ဒြပ်မဲ့ယဉ်ကျေးမှုတွင် အမျိုးအစား ၅ မျိုးရှိသည်။ (က) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ဘာသာစကားများ၊ (ခ)ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊ (ဂ)လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနှင့်ပွဲတော်များ၊ (ဃ)သဘာဝနှင့် စကြဝဠာဆိုင်ရာဗဟုသုတနှင့်ရိုးရာအစဉ်အလာအလေ့အထများ၊ (င)ရိုးရာလက်မှုပညာများ ဖြစ်သည်။

ယဉ်ကျေးမှုနှင့်သာသနာရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို(UNESCO) အသိအမှတ်ပြုရရှိရေး တင်သွင်းခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ပါရာဂွေးနိုင်ငံ၊အာဆွန်စီယွန်မြို့တွင် ကျင်းပသည့် (၁၉) ကြိမ်မြောက်၊ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံမှ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ပြီဖြစ်သည်။

အလားတူ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကိုလည်း ယူနက်စကို၏ အသိအမှတ်ပြုရရှိရေးဆောင်ရွက်ရာ၌ သနပ်ခါးသုံးစွဲမှုလူထုစစ်တမ်းနှင့်အတူ အချက်အလက်များကို ၂၀၂၅ ခုနှစ် မတ်လ ၃၁ရက်တွင် ယူနက်စကိုသို့ တင်ပြသွားမည်ဖြစ်သည်။ လူထုစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအသီးသီးသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ မန္တလေးတွင် ဖေဖော်ဝါရီ ၁၃ ရက်က မန္တလေးမြို့ ရွှေနန်းတော်ကြီးအတွင်းနှင့် ရွှေနန်းတော်ကျောင်းတွင် ပြုလုပ်ခဲ့ပါ၏။

မန္တလေးမြို့မှ အထက်တန်းပြဆရာမတစ်ဦးကပြောကြားရာ၌ "မြန်မာ့အတာသင်္ကြန်ပွဲတော်က UNESCO ရဲ့ အသိအမှတ်ပြုမှုရခဲ့သလို သနပ်ခါးယဉ်ကျေးမှုဓလေ့ကိုလည်း ရစေချင်တယ်။ သနပ်ခါးယဉ်ကျေးမှုက ဘိုးဘွားတွေလက်ထက်ကတည်းက ရှိခဲ့ပြီး ကျွန်မဆိုရင် ခုချိန်ထိ မနက်အိပ်ရာထတာနဲ့ သနပ်ခါးလိမ်းတုန်းပဲ။ မြန်မာအမျိုးသမီးတွေအနေနဲ့ သနပ်ခါးကို အမြတ်တနိုးနဲ့ လိမ်းခြယ်ကြတာက အလှအပနဲ့ အသားအရေ ချောမွေ့ဖို့အပြင် ကျန်းမာရေးအတွက် ဆေးဖက်ဝင်လို့ပါ" ဟု ပြောပြသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO အဖွဲ့အစည်းမှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်က တင်ပြခဲ့ရာ လိုအပ်ချက်များဖြည့်ဆည်းတင်ပြရန် ဆက်လက်ဆောင်ရွက်ကြသည်။ ကမ္ဘာ့အမွေအနှစ် အသိမှတ်ပြုရေးသည် အများနှင့်သက်ဆိုင်သည်ဖြစ်ရာ အွန်လိုင်းမှအများဆန္ဒသဘောထားကောက်ခံမှုနှင့် လူထုသိရှိရေးဆောင်ရွက်ခဲ့ကြသည်။ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားသည်နှင့်အညီ ထိုနေ့က သနပ်ခါးပွဲတော်များ ဒေသအလိုက်ကျင်းပခြင်းနှင့် သဘောထားကောက်ယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ UNESCO အသိအမှတ်ပြုရရှိခြင်းနှင့်အတူ သနပ်ခါးကို ကမ္ဘာကသိစေတော့မည် ဖြစ်သည်။

### မြန်မာတို့၏ သနပ်ခါး

မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ အသဲကျော်မှာ သနပ်ခါးဖြစ်သည်။ အိပ်ရာထသည်နှင့် သနပ်ခါးကျောက်ပျဉ် ရှေ့ရောက်သွားကြသည်။ ရှေးရှေးကတည်းက သနပ်ခါးကို သွေး၍ ပါးပြင်ပေါ်၌ ပါးကွက်ကျား ပုံဖော်၍ လိမ်းခြယ်ကြသည်။ အသားအရေချောမွေ့လှပရေးနှင့် နေလောင်ဒဏ်မှကာကွယ်ရန် ထူထူပိန်းပိန်းလိမ်းသူများရှိသည်။ သနပ်ခါးပင်၏ ပင်စည်အခေါက်ကို ကျောက်ပျဉ်ဖြင့်သွေး၍ ထွက်လာသော သနပ်ခါးနှစ်ကို ပါးပြင်နနပေါ်လက်ညှိုးလေးနှင့်ဆွဲကာဆွဲကာ ပါးကွက်ကျားပုံဖော် လိမ်းခြယ်သူများ၊ မိတ်ကပ်မလိမ်းခြယ်မီအောက်ခံအဖြစ် လိမ်းသူများလည်းရှိသည်။ အခြားနိုင်ငံများ၌ ထိုဓလေ့မရှိနိုင်သလို သနပ်ခါးပင်အား သိသူနည်းပါးလိမ့်မည်။ အပူပိုင်းဒေသ၊ ကျောက်စရစ်ရောနှောမြေတွင် ဖြစ်ထွန်းသည့် သနပ်ခါးပင်သည် မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီပြီး စီးပွားဖြစ် စိုက်ပျိုးကြသည်။ လွန်ခဲ့သော ၃ နှစ်ကျော်ခန့်က ပြည်တွင်းသနပ်ခါးစိုက်ဧကမှာ ၃ သိန်းကျော်ရှိကြောင်း မြန်မာနိုင်ငံသနပ်ခါးအသင်းမှ သိရသည်။

"ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက ထီးသုံးနန်းသုံးအနေနဲ့ သနပ်ခါးသုံးစွဲခဲ့ကြတယ်။ ပုဂံဘုရားတွေက နံရံဆေးရေးပန်းချီတွေနဲ့ ရွှေမော်ဓောဘုရားမှာရှိတဲ့ ကျောက်ပျဉ်ကြီးတွေက သနပ်ခါးသွေးလိမ်းတဲ့ အထောက်အထားလို့ပြောရမယ်။ နံရံဆေးရေးပန်းချီများသာမက ရှေးစာဆိုတွေရေးဖွဲ့ခဲ့တဲ့ သနပ်ခါးကဗျာတွေ၊ တေးသီချင်းတွေလည်း ရှိပါတယ်။ သနပ်ခါးကို ပြင်သစ်နိုင်ငံက ဓာတ်ခွဲခန်းတစ်ခုကို ပေးပို့ဓာတ်ခွဲကြည့်တဲ့အခါ အသားအရေဖြူစေတဲ့၊ အိုမင်းရင့်ရော်မှုကိုထိန်းသိမ်းပေးတဲ့ ဓာတ်တွေပါရှိကြောင်းနဲ့ ဆဲလ်အဟောင်းတွေနေရာမှာ ဆဲလ်အသစ်တွေ အမြန်ဖြည့်ပေးတဲ့ ဓာတ်ပါတယ်လို့သိရပါတယ်" ဟု မြန်မာနိုင်ငံသနပ်ခါးအသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့ဖူးသူ၊ တန်ဖိုးမြှင့်သနပ်ခါးထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေသည့် ရွှေစင်သနပ်ခါးမှ ဦးကျော်မိုးက ပြောသည်။

သနပ်ခါးနှင့်ပတ်သက်၍ ရှေးစာဆိုများသာမက ခေတ်သစ်စာဆိုများကလည်း သနပ်ခါးအကြောင်း စပ်ဆိုခဲ့ကြသည်။ "ရွှေဘိုသနပ်ခါးတုံးများ×××ရန်ကုန်လိမ်းဖို့ယူ××ဘယ်လိုအသားမည်းမည်းဝါဝါညက်ညက်ဖြူ××သီချင်းစာသားကိုအားလုံးသိကြပြီး သနပ်ခါးသည် အသားအရေနူးညံ့ချောမွေ့စေကြောင်း ဖော်ကျူးပြထားသည်။ ပါးပြင်ဝယ်××× သနပ်ခါးကလေးနဲ့ ××× ချစ်စရာကောင်းလွန်းတယ်ကွာ××× စာသားနှင့်သီချင်းကိုလည်း ယနေ့လူငယ်ပါးစပ်ဖျားဝယ် ဝဲပျံခဲ့သည်ဖြစ်ရာ မိမိချစ်သူအမျိုးသားကို သနပ်ခါးနံ့သင်းသင်းကလေးဖြင့် ဆွဲဆောင်နိုင်သည်ကို သရုပ်ဖော်ထားသည်။ သနပ်ခါးကို လူတန်းစားအလွှာအသီးသီးက နေ့စဉ်သုံးစွဲကြခြင်းကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြည်တွင်းမှာ ထုတ်လုပ်ရောင်းချနေကြသကဲ့သို့ ပြည်ပရောက် မြန်မာများအတွက် တင်ပို့ရောင်းချကြသည်။

### သိပ္ပံအမည်နှင့် ဂုဏ်သတ္တိ

သနပ်ခါး၏ သိပ္ပံအမည်မှာ *Hesperethusa crenulata* ဖြစ်၍ အမည်ခွဲမှာ *Naringi crenulata* ဖြစ်သည်။ ၄င်းအုပ်စုထဲတွင် မွှေးကြိုင်သောအနံ့ရှိ သံပရာ၊ လီမွန်၊ လိမ္မော်၊ သနပ်ခါး စသည်တို့ပါဝင်သော အုပ်စု (Family)ဖြစ်သည်ဟု ဆိုသည်။ အရှေ့တောင်အာရှတွင် တွေ့ရှိနိုင်၍ ပင်ရင်းနိုင်ငံ(Native)များမှာ မြန်မာ၊ သီရိလင်္ကာ၊ ဂျာဗားနှင့် ပါကစ္စတန်တို့ ဖြစ်သည်။ သနပ်ခါးပင်စည်ကို Natural Cosmetics အဖြစ် အသုံးပြုကြသည်။ အသီး၊ အရွက်၊ အခေါက်နှင့်အမြစ် အစိတ်အပိုင်းတစ်ခုခုတွင် မွှေးသောအနံ့များရှိသည်ဟု ဆိုသည်။ **(သိပ္ပံအမည်ဖြစ်၍ စာလုံးအစောင်းနှင့် ဖော်ပြထားသည့်အတိုင်း ရေးရပါမည်)**

သနပ်ခါးကို Skin Care အနေဖြင့် အသားအရေနေလောင်ဒဏ်မှ ကာကွယ်ခြင်း၊ ဝက်ခြံနှင့်အဆီဖုများ သက်သာစေခြင်း စသည့် အလှအပရေးရာ အလှကုန်ထုတ်လုပ်ရာ၌ သဘာဝဆေးဖက်ဝင်ပစ္စည်းအဖြစ် ထည့်သွင်းအသုံးပြုကြသည်။ ကျန်းမာရေးဘက်တွင် အသားအရေခြောက်သွေ့မှုကို ကာကွယ်ခြင်း၊ အရေပြားယားယံမှုကို သက်သာစေခြင်း၊ အဖျားကျစေခြင်း စသည့် ဂုဏ်သတ္တိများရှိ၍ ကျန်းမာရေးအတွက် အသုံးပြုကြသည်။

### တန်ဖိုးမြှင့် ထုတ်ကုန်

ပြည်တွင်း၌ သနပ်ခါးကုန်ကြမ်းကို အသုံးပြုသော တန်ဖိုးမြှင့်ထုတ်ကုန်များမှာ ဈေးကွက်ရရှိနေခြင်းက မြန်မာတို့၏သနပ်ခါးသုံးစွဲမှုကို ခန့်မှန်းနိုင်သည်။ ထုတ်လုပ်ရာတွင် အလှအပရေးရာနှင့် ကျန်းမာရေးအတွက်သာမက ဘာသာရေးနှင့်ဆိုင်သော ထုတ်ကုန်များလည်းတွေ့ရသည်။သနပ်ခါးလက်သွေးခဲ၊ အညောင်းပြေ သနပ်ခါးမြစ်၊ သနပ်ခါးအပွေးခဲ၊ သနပ်ခါးအလှဆီ၊ သနပ်ခါးမျက်နှာသစ်ဆပ်ပြာ၊သနပ်ခါး Lotion ၊ ဘာသာရေးနယ်ပယ်အတွက် သနပ်ခါးရုပ်ပွားတော်၊ သနပ်ခါးပုတီး၊ သနပ်ခါးသီး၏ အစေ့ဖြင့် ပျားရည်၊ နှမ်းဆီတို့နှင့်ဖော်စပ်သည့် ခွန်အားဖြည့်သနပ်ခါး စသည်ဖြင့် အမျိုးအစား ၃၀ ကျော်ကို ရွှေစင်သနပ်ခါးမှ ထုတ်လုပ်ရောင်းချသည်ဟု ဆိုသည်။

"ရှင်မတောင်သနပ်ခါး၊ ရွှေဘိုသနပ်ခါး၊ အရာတော် (မုံရွာ)ဘက်က သနပ်ခါးတွေက ဈေးကွက်ဝင်သနပ်ခါးတွေ ဖြစ်တယ်။ ရှင်မတောင်သနပ်ခါးက ပခုက္ကူနယ်မှာ ရှင်မတောင်ဆိုတဲ့ တောင်တစ်လုံးရှိပြီး အဲဒီနယ်တစ်ဝိုက်ကထွက်တဲ့ သနပ်ခါးပေါ့။ ရေစကြို၊ မြိုင်စတဲ့ ဒေသတွေက သနပ်ခါးက ရှင်မတောင်သနပ်ခါးပဲ။ ကျောက်စရစ် မြေရောတဲ့ဒေသနဲ့ အပူပိုင်းဒေသမှာ စိုက်ပျိုးကြတယ်။ မြင်းခြံ၊ ညောင်ဦးကလည်း သနပ်ခါးထွက်တယ်။ အခြားဒေသတွေမှာ သနပ်ခါးစိုက်ကြပေမယ့် မြေခံရေခံကြောင့် အရည်အသွေးကွာတယ်" ဟု ပခုက္ကူမြို့ဒေသခံတစ်ဦးက ပြောသည်။

ကျေးလက်နှင့်မြို့ပြတွင် သနပ်ခါးသုံးစွဲကြသည်မှာ ယနေ့ထိဖြစ်သည်။ လယ်တောသို့ ကောက်ရိတ်ဆင်းသည့် အမျိုးသမီးများ၏ ပါးပြင်ဝယ်သနပ်ခါးပါးကွက်ကျား လိမ်းကြသည်။ နေလောင်ဒဏ်ခံနိုင်ရန် အကာအကွယ်အဖြစ်သာမက မိန်းကလေးတို့၏ မျက်နှာအလှကိုမြင်သူတို့ သတိထားကြည့်ရှုစေရန် ရည်ရွယ်ကြဟန်တူသည်။ ခေတ်ကာလပြောင်းလဲ၍ မိတ်ကပ်နှင့် အခြားသော ဓာတုပစ္စည်းများဖြင့်ပြုလုပ်သော Cosmetics များ Skin Care များနှင့် မြင်မြင်သူ ပုရိသတို့ စိတ်ဝင်စားနှစ်သက်စေရန် ခြယ်သလိမ်းကျံကြသည်။ သနပ်ခါး၏ဂုဏ်သတ္တိများကြောင့် အလှအပရေစီးကြောင်းပြောင်းလဲနေပါသော်လည်း သနပ်ခါးယဉ်ကျေးမှုဓလေ့က ပျောက်ကွယ်မသွားဘဲ ဆက်လက်ရှင်သန်နေမည် ဖြစ်သည်။

ခိုင်ဆက်ဝေ

# လူထုအခြေပြုဗဟိုဌာန၌ မြန်မာ့ရိုးရာသနပ်ခါးသဘင် ကျင်းပ



**ပျဉ်းမနား ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် အထောက်အကူဖြစ်စေရေးနှင့် မြန်မာ့ရိုးရာသနပ်ခါးကို တန်ဖိုးထားမြတ်နိုးတတ်စေရေးအတွက် မြန်မာ့သနပ်ခါးသဘင်ကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါမြန်မာ့သနပ်ခါးသဘင်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး၊ ဒေါ်ခင်မာဖြူက မြန်မာ့သနပ်ခါးသဘင် ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာမ ချယ်ချယ်(YU)က မြန်မာ့ရိုးရာသနပ်ခါးအကြောင်း ရှင်းလင်းဆွေးနွေးသည်။

မြန်မာ့သနပ်ခါးသဘင်သို့ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပျဉ်းမနားဒေသခံပြည်သူများ တက်ရောက်ကြပြီး သနပ်ခါးလူးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် သနပ်ခါးပြခန်းနှင့် အရောင်းပြခန်းအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – *

# သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား အုပ်ချုပ်မှုနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သွားနှင့်ခံတွင်းဆရာဝန်သစ်လွင်များအား အုပ်ချုပ်မှုနှင့်ပြည်သူ့ဆက်ဆံရေးဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းကို ဆက်လက်သင်ကြားပို့ချကြသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၅ရက်မှ ၂၆ရက်အထိ နှစ်ရက် ဖွင့်လှစ်သင်ကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ဦး၊ ကုသရေးဦးစီးဌာနမှ ၁၄ ဦး၊ သွားနှင့်ခံတွင်းဆရာဝန်စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(ဝ၉၃)**






# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြသ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်း ၁၁ နာရီခွဲက ကျောက်ဆည်မြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေသရဖီခန်းမတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် အမှတ်(၂) အခြေခံပညာ အထက်ကျောင်းမှ ကျောင်းအုပ် ဆရာမကြီးဒေါ်အေးအေးသန်းက လူငယ်များကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရရှိစေရန် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များ ဖြစ်လာစေရန် စာပေကိုကြိုးစားသင်ယူကြရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက 'လူငယ်နှင့်ရည်မှန်းချက်' ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက 'လူငယ်နှင့်စာရိတ္တ' ခေါင်းစဉ်များဖြင့် အသီးသီးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(၄၈၅)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လများနောင်တော်ခ တပေါင်းလ

* လနောင်တော်ခေါ် လတပေါင်းရယ်က
နှစ်ကုန်နှောင်း လပါလေ ။
သဲပုံစေတီ ရာသီပွဲ
ဆင်ယင်နွှဲပေ။
သရဖီပန်းတို့ ပွင့်ဖြာဝေ
သင်းပျံ့နေ နွေအစဦး။
ဥသြငှက်ရယ် ပင်ယံထက်မယ်
တေးသီဆက်မြူး။

* တနင်္ဂနွေနှင့် ဗုဒ္ဓဟူးရယ်က
ကောင်းမြတ်ထူး ရက်ရာဇာ။
နဂါးခေါင်းရယ် အနောက်အရပ်
စောင့်ကြပ်လျက်သာ။
ရာဟုနှင့် အင်္ဂါမှာ
ရက်နွမ်းပါ ပြဿဒါး။
ဆံကျင်မည်တွင် တာရာလွှမ်းသမို့
အေးချမ်းသာလှ။
ဥတ္တရဖဂ္ဂုနီ နက္ခတ်ခလို့
စန်းယှဉ်သ မိန်ရာသီ။
ငါးနှစ်ကောင် သဏ္ဍာန်ရုပ်
စောင့်ချုပ်ပေသည်။
နဂါးခေါင်းရယ် အနောက်တည်
လှည့်ကာမည် စောင့်နေအပ်။
သုံးဆယ်ရက် ပြည့်စုံပေါင်းလို့ရယ်
ကောင်းခြင်းလမြတ်။

မင်းမြတ်မိုး(မန်းမြေ)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Camila Mendes ၏ Upgraded မှာ ရေသည်မ ပန်းချီပြခန်းအကြောင်း ဖြစ်

ရေသည်မိန်းမလောက် မွဲနေသည့် အမျိုးသမီးတစ်ဦးပန်းချီပြခန်းဖွင့်ခွင့်ရရန်အတွက် ကြိုးစားခဲ့ပုံများကို တင်ပြထားသည့် Upgraded တွင် မင်းသမီးချောကာမီလာမန်ဒီစ် ပါဝင်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ရေသည်မိန်းမထက်ပင် ပို၍ မွဲသောမိန်းကလေး၊ အစ်မအိမ်တွင် ကပ်နေရင်း သူဝါသနာပါသည့် ပန်းချီပြခန်းဖွင့်ရန် ရည်မှန်းထားသည့်အတိုင်း လုပ်ဆောင်ခဲ့သည်။



ရည်မှန်းချက်အကောင်အထည်ဖော်ရန်အတွက် ပန်းချီကားလေလံတင်သည့် ကုမ္ပဏီတွင် အလုပ်သင်ဘဝနှင့်ကြိုးစားခဲ့ရာမှ သူဌေးလက်ထောက်ဖြစ်လာကာ လန်ဒန်သွားသည့် လေယာဉ်ပေါ်တွင် ကုမ္ပဏီဒါရိုက်တာဆိုသူနှင့်တွေ့ခဲ့ပြီး အလိမ်အညာများကြားမှ အချစ်ဇာတ်လမ်းပေါ်ပေါက်ခဲ့ပုံ၊ လောကခံ၏ ရိုက်ချက်များနှင့်ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ပုံများကို ရသသစ်အပြည့်နှင့် မြင်တွေ့ကြရသည်။

(SKY)



## ဆဲလ်ကို အကျိုးသက်ရောက်စေသည့် ဆေးဝါးတစ်မျိုး အောက်ဆီဂျင်နည်းပါးသော ကုထုံးမှ ဖန်တီးပြုလုပ်နိုင်

အမေရိကန်အခြေစိုက် ဂလက်စတုန်းသုတေသနအဖွဲ့အစည်းမှ သုတေသီများသည် မိဘမျိုးရိုးမှ ဆင်းသက်လာသော မျိုးရိုးဗီဇဆိုင်ရာ မိုက်တိုကွန်ဒရီးယားရောဂါများကို ကုသရန်အတွက် အောက်ဆီဂျင်နည်းပါးသော ကုထုံးမှ ဆဲလ်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အတုယူသည့် ဆေးဝါးတစ်မျိုးကို မကြာသေးမီက ဖန်တီးနိုင်ခဲ့ကြောင်း နေးချားသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

လူအများစုအတွက် ပင်လယ်ရေမျက်နှာပြင်ထက် အောက်ဆီဂျင်ပါဝင်မှု နည်းပါးသော အမြင့်ပိုင်းဒေသများတွင် နေထိုင်ခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုနှုန်းလျော့ကျခြင်းနှင့် ကြံ့ခိုင်မှု တိုးတက်စေခြင်းကဲ့သို့သော ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိနိုင်သည်။

အဆိုပါသုတေသီများသည် အောက်ဆီဂျင်နည်းပါးသော ပတ်ဝန်းကျင်၏ ထိုအကျိုးသက်ရောက်မှုများကို အတုယူသည့် ဆေးဝါးတစ်မျိုးကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

(SCI)



## Suga @ Minyoongi ကို အဖွဲ့ဝင်များက လေးစားခဲ့ကြ

ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါ(ခေါ်)မင်ယွန်းဂီသည် အနုပညာလောကသို့ တေးရေး၊ ထုတ်လုပ်သူဖြစ်ချင်၍ ဝင်ခဲ့ရာမှ အဆိုတော်ဖြစ်ခဲ့ပြီး အဖွဲ့ဝင်များ၏ လေးစားမှုကို ခံရသူတစ်ဦးဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရက်ပ်ပါ၊ တေးဆို၊ တေးရေး၊ တင်ဆက်သူ၊ သရုပ်ဆောင်၊ ထုတ်လုပ်သူ ဆူဂါ(ခေါ်)မင်ယွန်းဂီ၏ ကြိုးစားအားထုတ်မှုများမှာ အရာထင်ခဲ့ပြီး ကမ္ဘာ့အဆင့်ရက်ပ်ပါတစ်ဦးအဖြစ် အသိအမှတ်ပြုခံခဲ့ရကာ တစ်ကိုယ်တော်ဂီတအဖွဲ့များနှင့်လည်း အောင်မြင်ခဲ့သည်။

ဆူဂါ(ခေါ်)မင်ယွန်းဂီ၏ တစ်ကိုယ်တော်ပွဲသို့ အဖွဲ့ဝင်ညီအစ်ကိုများက သင်တန်းကြားမှပင် ခွင့်ယူ၍ လာရောက်ဂုဏ်ပြုပေးခဲ့ကြပြီး စင်ပေါ်တွင် ဖျော်ဖြေရန်လည်း အသင့်ရှိနေကြသည်ထိ လေးစားမှု ရရှိခဲ့ကြသည်။ (SKY)



## Twenty Five Twenty One ဇာတ်သိမ်းပိုင်းကြောင့် ပရိသတ်ကြေကွဲခဲ့ရ



ကိုရီးယားဒရမ်မာဇာတ်ကား Twenty five Twenty One တွင် အစပိုင်းကောင်းမွန်ခဲ့ရာမှ ဇာတ်သိမ်းပိုင်းတွင် ကြည့်ရှုသူများ ဟာခနဲဖြစ်ခဲ့ကြရပြီး ကြေကွဲခဲ့ရသဖြင့် ဇာတ်ကားထဲမှ ဒဿနများကိုသာ လွမ်းဆွတ်ခံစားခဲ့ရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားထဲမှ ဒဿနလေးများ ဖတ်ရှုကြရင်း ကြေကွဲခဲ့ရသူများ ပြန်လည်အမှတ်တရဖြစ်စေသည်မှာ ဇာတ်ဆောင်မင်းသားတို့၏ "အတော်ဆုံးဖြစ်ဖို့ မလိုပါဘူး၊ အကောင်းဆုံးကြိုးစားနေဖို့ပဲ လိုပါတယ်" "အဆိုးတွေကို ရှောင်လွှဲလို့ မရပေမယ့် ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတော့ ရွေးချယ်လို့ ရပါတယ်" ဟူ၏။

မင်းသမီးတို့၏ ဒဿနများမှာ "တစ်ခါတစ်လေမှာ လမ်းမှန်ဟာ ကိုယ်လျှောက်ရမှာ အကြောက်ဆုံးလမ်းဖြစ်နေတတ်ပါတယ်" "ဘယ်လောက်ခက်ခဲပါစေ၊ ရှေ့ဆက်ဖို့ လမ်းတစ်လမ်းတော့ အမြဲရှိနေပါတယ်" ဟု ဆိုသည်။

(SKY)

## Kim Nam Gil ကို ဇာတ်ရုပ်နှစ်ခုနှင့် ပရိသတ် မြင်တွေ့ရ

ကင်နမ်ဂျီ၏ မတူကွဲပြားသော ဇာတ်ရုပ်နှစ်ခုကို အတည်၊ အတန့်ကာရိုက်တာနှင့်တစ်မျိုး၊ အပျော်အပျက်ကာရိုက်တာနှင့် တစ်ဖုံ ၂၀၂၅ ခုနှစ်တွင် မြင်တွေ့ကြရ၍ ပရိသတ်စိတ်ဝင်စားမှု မြင့်တက်ခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်နမ်ဂျီ ပါဝင်ထားပြီး ရောင်းအားအကောင်းဆုံး ဝတ္ထုရေးဆရာ၏ Nocturnal (Broken) ရုပ်ရှင်ကို ဖေဖော်ဝါရီလဆန်းတွင် ပြသခဲ့သည်။ ဒုတိယနှစ်ဝက်တွင် အိုလံပစ်ရွှေတံဆိပ် ဆုရှင်ဟောင်း၏ ဇာတ်လမ်းတွဲ Trigger ပြသမည်ဖြစ်သည်။



အပျော်၊ အပြောင်ကာရိုက်တာနှင့် ဖာသာ ကင်နမ်ဂျီကို အတည်အတန့်ကာရိုက်တာနှင့် မတူညီသော ဇာတ်ရုပ်နှစ်ခုကို မြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်စိတ်ဝင်စားစောင့်မျှော်နေကြသည်။

(SKY)

## The Legends of the Condor Heroes: The Gallants ရုပ်ရှင်စံချိန်သစ်နှင့် ချိုးကျိုးခံထားရ

လက်ရှိတရုတ်အနုပညာလောကတွင် စံချိန်သစ်တင်၍ ချိုးကျိုးမှုများစွာ ရရှိထားသော The Legends of the Condor Heroes: The Gallants တွင် ရှောင်းကျန့်က ကောကျင့်နေရာမှ ပါဝင်ထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားနှင့်ပတ်သက်၍ မှတ်ချက်ကောင်းများနှင့် ချိုးကျိုးထားကြရာ ဇာတ်ကြောင်းမှာ ပျင်းရန်အချိန်မရှိဘဲ၊ ယခင်က ဗာရှင်းရှည်များကို မိနစ် ၂၀ နှင့် ဇာတ်ရည်လည်အောင် ရိုက်ပြထားပြီး သရုပ်ဆောင်များမှာလည်း ပုံစံသစ်နှင့် ပုံဖော်ထား၍ ကြည့်ရှုရာတွင် ဆွဲအားပြင်းခဲ့သည်။

အိုရန့်ဖုန်းသူတောင်းစားဂိုဏ်းများမှာ ဟာသရသပေးခဲ့ပြီး ဂျင်ဂျစ်ခန်မှာ ဖတ်စာအုပ်ထဲမှ ထွက်ရှိလာကာ အက်ရှင်ခန်းများကို နဂါးနိုင်လက်ဝါးသိုင်း၊ ဖားပြုတ်သိုင်း၊ ခွေးရိုက်တုတ်သိုင်း ဗားရှင်းအသစ်များ သုံးထား၍ ပိုမိုကောင်းမွန်ခဲ့ကာ ပရိသတ်မှတ်ချက်ကောင်းများ ရရှိထားသည်။ ကောကျင့်သည် ရှန်ယန်းမြို့ကို အကြိမ်(၃၀)ကာကွယ်ပေးရင်း သေဆုံးခဲ့ရာ ယခုရုပ်ရှင်မှာ ပထမအကြိမ် ကျူးကျော်တိုက်ခိုက်ပုံကို ပြသထားသည်။ (SKY)

## တူရကီမင်းသမီး Demet Ozdemir ပါဝင်ထားသည့် Between the World and Us အပိုင်းတစ် ထွက်ရှိလာ

တူရကီမင်းသမီး ဒီမက်အိုက်ဒီမီရာ ပါဝင်ထားသည့် Between the World and Us အပိုင်းတစ်ထွက်ရှိလာ၍ ပရိသတ်များ အားပေးမှုမြင့်မားခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဒီမက်အိုက်ဒီမီရာက နာမည်ကြီးမဂ္ဂဇင်းတိုက်မှ အယ်ဒီတာချုပ်အဖြစ် မြင်တွေ့ရပြီး နာမည်ကြီးအနုပညာရှင် မင်းသားနှင့်တွေ့ဆုံ၍ ကာလကြာချစ်ကြိုက်ခဲ့ရာမှ အေးစက်သော အယ်ဒီတာချုပ်က ဆိုရှယ်မီဒီယာတွင် အကောင့်တစ်ခုဝယ်ကာ အမည်သစ်နှင့် မင်းသားကို ဆက်သွယ်သည်။ ရင်ဘတ်ချင်း ရင်းနှီးခဲ့ရာမှ အပြင်တွင် တွေ့ခွင့်တောင်းချိန်း၍ ထက်မြက်သောအမျိုးသမီးတစ်ဦး၏ ဉာဏ်ရည်မြင့်မားပုံများကို ရိုက်ကူးထားပြီး ခေတ်နှင့်ကိုက်ညီသော ဇာတ်လမ်းဖြစ်ခဲ့၍ ပရိသတ်အားပေးထားကြသည်။ (SKY)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး






နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးတို့နှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက်တွင် မအူပင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ စတိုဆောင်၊ စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းမှ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ သင်တန်းသူများ၏ လက်ရာများ၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းကျောင်း၏ အုပ်ချုပ်ဆိုင်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြောင်းမြမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ပုသိမ် - မြောင်းမြ- လပွတ္တာကားလမ်းနှင့် သိလ္လာချောင်းဖျားကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တာဝန်ရှိသူများကိုလိုအပ်သည်များ မှာကြားကာ သိလ္လာကျေးရွာ ဒေသခံပြည်သူများ တင်ပြသည့် ကျေးရွာရေရရှိရေး၊ ဆိုလာမီးတပ်ဆင်ပေးရေးနှင့် သိလ္လာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် ဆိုလာမီးတပ်ဆင်ပေးရန် ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လပွတ္တာမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး လက်ကိုင်ဖုန်းပြင် သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်းများတွင် ဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့်သင်ကြားနေမှုနှင့် သင်တန်းသားများ၏ စားသောက်နေထိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လပွတ္တာမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းကျောင်းနှစ်ကျောင်းမှ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းသူများ၏ ချုပ်လုပ်ထားရှိသည့် လက်ရာများ၊ လက်တွေ့သင်ကြားနေမှု၊ မော်တာဆောင်၊ စာကြည့်တိုက်၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းကျောင်း၏ အုပ်ချုပ်ဆိုင်နှင့် ဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိပြီး ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်ရေး၊ လေ့ကျင့်သင်ကြားရေး ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားမှု၊ ပါမောက္ခ/ ဌာနမှူးများက သင်ကြားရေးဆိုင်ရာ လိုအပ်ချက်ရှိသည်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စာသင်ဆောင်များ၊ မနုဿဗေဒပြခန်း၊ အင်ဂျင်နီယာအလုပ်ရုံ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရိုင်ရုံး သိုလှောင်ရုံတွင် ထိန်းသိမ်းထားရှိသော ယာဉ်၊ ယန္တရားကြီးများ အသုံးပြုနိုင်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ ထောက်ပံ့ပစ္စည်းများ သိုလှောင် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ယာဉ်၊ ယန္တရားကြီးများ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းထားရှိမှု၊ ပြင်ဆင်ပြီး ယာဉ်၊ ယန္တရားဂိုဒေါင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်